# ပုံတောင်နိုင်မော်ကွန်း

ရှင်မဟာရဋ္ဌသာရ

mgyoe.com

ပုံတောင်နိုင်မော်ကွန်း။ ရှင်မဟာရဋ္ဌသာရ
စာမျက်နှာ ၂၆ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၂၈ ရှုဝံသတင်းစာပုံနှိပ်တိုက်ထုတ်မူ။

ရောင်းဈေး ၆၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပုံတောင်နိုင်မော်ကွန်း
# ရှင်မဟာရဋ္ဌသာရ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ရတနာပူရ ပြည်အင်းဆဋ္ဌ မင်းမျှူးဆရာ
ရှင်မဟာရဋ္ဌသာရသည် အခါကာလအလိုက် သိုက်ဓာတ်ညီစွာ
မိတ္ထီလာ, ရှစ်ရှား၊ ယင်းတော်စားတို့ ခြားနားမှုန်ဆန်၊ ပုန်ကန်သော
အချက်အလက်ကို ပြက်ပြက်ထင်စွာ အလင်္ကာကဗျာနယတို့ဖြင့်
သာဓကဂုဏ်ဆောင်တော်မူခဲ့သည့်

# ပုံတောင်နှိုင်မော်ကွန်း

(ရှင်မဟာရဋ္ဌသာရ၏ ပုံတောင်နှိုင်မော်ကွန်းကို
မူလစာအုပ်သတ်ပုံအတိုင်း ဖော်ပြထားပါသည်။)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပုံတောင်နိုင်မော်ကွန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ပဌမခန်း

၁။ ပွင့်လော့ပြည်လုံး၊ ထက်ဝန်းကျုံးလျှင်၊ [၁]လက်ရုံးတန်းဆောင်၊ ဘုန်းတော်ရောင်ဖြင့်၊ ရန်မှောင်ပယ်ခွင်း၊ ပြောင်ပြောင်ဝင်းမျှ၊ ထွန်းလင်းကြက်သရေ၊ နေမင်းဆွေ၏။ အောင်မြေပွဲကြီး။ ဟုတ်တိုင်းချီးပိမ့်။ ငါးစီးရှင်မျိုး။ သတိုးခမ္မ။ ဘေးတော်ဘလျှင်။ အဝရွှေနန်း။ မြန်းဦးသော်က။ သာကီယတို့။ နွယ်စမင်းချည်း။ တစပ်တည်းဖြင့်။ ခမည်းတော်နောက်။[၂] ခြောက်ဆယ်မြောက်ဝယ်။ ရှိန်တောက်တန်ခိုး။ မိုဃ်းနှယ်ကြိုးမျှ။ လွှမ်းစိုးခိုင်ဖြိုး။ ရည်တိုင်းပြီးသည်။ စောထီးနရပတိတည်း။

၂။ [၃]အရိန္ဒမ။ စသည်ကျော်သောင်း။ ဇောစိလောင်းတို့။ ကိန်းအောင်းနေရာ။ မင်းတန်းဆာဖြင့်။ စကြာရထား။ ကပ်လှာဌားသို့။ တရားသဖြင့်။ ဘုံမြင့်နန်းထွတ်။ ရောက်တုံလတ်သော်။ သိဒ္ဓတ်ဘုန်းဟော့။ ဘွားသန္ဓေဝယ်။ သိမ်မွေ့သစ္စာ။ နက်နဲစွာကို။ ဆရာမသင်။ ပင်ထွက်မြင်သား။ မာတင်မည်ရ။ ပစ္စေကလျှင်။ ပြောင်းကြွနိဗ္ဗာန်။ [၄]ယားလင့်ဟန်သို့။

---

၁။ အချို့သောမူတို့၌ 'လက်ရုံးဆန့်ထောင်'ဟူ၍ရှိသည်။ ။သို့သော် 'ဘုန်းတော်ရောင်'ဟူသော ရှေ့ပုဒ်နှင့်မသင့်လျော်ပေ။

၂။ မိုးညှင်း ၆ ဆက်မြောက်။ ရွှေနန်းကြော့ရှင်။ ဘုရင်နရပတိကိုဆိုလိုသည်။

၃။ အရိန္ဒမ(ပါဠိ)အရိန္ဒ–ရန်သူ+ဒမ–ဆုံးမခြင်း။ ။ရန်သူကိုဆုံးမတတ်သောမင်းဆိုလိုသည်။

၄။ ယား(ပေါရာဏ)လားသည်။ သွားသည်။

mgyoe.com

mgyoe.com



စွမ်းအန်ရဲးရင့်။ တန်ခိုးဘွင့်လျက်။ ရေးခွင့်မြှော်ကြည့်။ လုပ်ကြံဖြည့်၍။ ပတ်လှည့်ဇမ္ဗူ၊ ချဉ်းပိမ့်ဟူသား။ ထီးဖြူဆောင်းရည်။ မင်းတို့သည်လည်း။ နတ်ပြည်ပြောင်းရဲ။ ကောင်းဘို့လှဲး၏။ အံ့အဲးလောက်အောင်။ စောမြတ်ခေါင်ကား။ လူ့ဘောင်ထွတ်ထား။ လွန်မြောက်မြားသည်။ ။ နှစ်ပေါင်းချင်းထောက်မရှိတည်း။

*[၁]၃။ ။ဘုန်းပဒေသာ။ ပြည့်စုံစွာ၍။ ပညာတည့်ဖြောင့်။ တရားစောင့်လျက်။ မတောင့်မတ။ မကြောင့်ကြတည့်။ သုခသီးမှည့်။ ဆွတ်ကုန်လှည့်ဟု။ လိုပြည့်လိုထွန်း။ လူရဟန်းအား။ ဝမ်းထွက်သားသို့။ ပိုက်ဖြားသိမ်းထုပ်။ ပြည်ကြီးအုပ်၍။ ရှားလှုပ်မနိုင်။ တောင်နှယ်ခိုင်လျက်။ ထွတ်တိုင်ရှင်တော် အာနုဘော်ကြောင့်။ ထွန်းပေါ်ကမ္ဘာ။ မြှော်ဦးခါက။ ကျွန်းချာသမုတ်။ တုမရှိတည့်။ ဗောဓိရှေ့တွင်။ အောင်မြေပြင်၌။ ပလ္လင်ရတနာ။ ပေါက်လှည့်ရာကို။ မိစ္ဆာလုယက်။ မာရ်စစ်ထွက်သို့။ ညောင်ရွက်သွန်းသွန်း။ ရွှေထီးဝန်းနှင့်။ တက်ရှုန်းနေတူ။ နန်းဝပြုသော။ ငြုရူမာန်မျိုး။ မျက်မုန်းကြိုးသည်။ ။တန်ခိုးလက်စဉ်းမသိတည်း။

*[၂]၄။ ။ပိတ်ထိုင်းကောင်းကင်။ မိုးရပ်ခွင်နှင့်။ ရှေ့ပြင်နံတောင်း။ ဘယ်ညာပေါင်းသော်။ ကြောက်ညောင်းတုန်လှဲ့။ မြေကြီးနဲ့မျှ၊ လေးဆယ့်ငါးယူဇနာ။ နောက်မျက်နှာမူ။ စကြဝဠာထိအောင်။ ဗိုလ်ခြေဆောင်လျက်။ မြတောင်ဇာတိ။ ယိုးဘွယ်ရှိသား။ ဂီရိမေခလာ။ မည်သာတွင်ပြီး။ ဆင်ပြောင်စီး၍။ ညီးညီးလက်လက်။ ပြိုးပြိုးပြက်လျှင်။ လက်နက်စွဲသုံး။ ထောင်လက်ရုံးဖြင့်။ ပတ်ကုံးဘန်ဆင်း။ မာရ်နတ်မင်း၏။ ထန်

**ဤ ၃၊ ၄ အပိုဒ်တို့မှာ။ ဘုရင်နရပတိနန်းတက်တော်မူဦးစတွင်။ ရွှေနော်ရထာကျွန်။ ငသောကြာပုန်ကန်သည့်အရေးကိုဆိုလိုသည်။ ။ထို့ကြောင့်ကဝိလက္ခဏာတွင်။ ‘ရွှေနန်း

mgyoe.com

mgyoe.com


ပြင်းခွန်အား။ ရဲးမက်များကို။ လေးစားမမူ။ ရန်သူမထင်။ ငြိမ့်ငြိမ့်ပင်တည်း။ ပလ္လင်ဝန်းခွေ။ သျှင်တော်နေသို့။ မထေအောက်မေ့။ ထိုရွှေမကြွ။ ရွှေနန်းမထက်။ စံပသာဝဲး။ နိုင်ကျည်မြဲးသည်။ ။ရဲးရဲးဘုန်းရောင် ထွန်းညီတည်း။

၅။ ။ဆက်စည်နန်းရိုး။ မြန်ထိပ်မိုး၍။ ဘောဂိုးဘခင်။ ရဲစွမ်းအင်နှင့်။ မြေပြင်တိမ်းစောင်း။ ကျော်စောဟောင်းတွင်။ ဆင့်လောင်းအသစ်။ ပြေပရစ်စိမ့်။ ရန်စစ်မတုံး။ မီးနှယ်ပြုံးမူ။ လက်ရုံးရောင်ဝါ။ မပသာဟု။ ကြေညာဟိုးဟိုး။ မိုးနှယ်ကြိုးမျှ။ တန်ခိုးပြိုင်ဘော်။ နတ်နှိုးဆော်၍။ ယင်းတော်ခရိုင်။ သင်းခိုင်ကျေးမက်။ ရွယ်သက်မတန်။ စည်းစိမ်လွှန်၍။ မာန်ဏါစစ်ခြေ။ ရိုင်းပင်းထွေဖြင့်။ မျိုးဆွေ[၁]သူလောင်။ လိုယောင်စီးပွား။ ပျက်စကားကို။ ယုံမှားလိုက်နာ။ ငတုံးတာလျှင်။ ကြမ္မာအင်ချို့။ ပျက်မည်ဘို့ကြောင့်။ ငါတို့နတ်ရှင်။ တင်သားကျေးဇူး။ ထိမ်မြူးတတ်လှ။ တောင်ငူရနှင့်။ ညီကြပုန်ကန်။ ကမ္ဘာပြန်သို့။ ရန်စွန်ပြည်နား။ မွေချောက်ချားသည်။ ။လူများနှလုံး[၂]တိုင်ထိတည်း။

၆။ ။မကော်မရော်။ ထိုသို့သော်လည်း။ မျက်တော်မလျှင်။ [၃]တျင်းတျင်းငင်သော်။ ပြတ်ကျင်လိလိ။ လျှော့ချေမိလည်း။ လွတ်ဘိဘနန်း။ မြော်ရေးငန်းဖြင့်။ စီးစွန်းမသွား။ အသာဖြားး၍။ ပုပ္ပားမကြွင်း။ နတ်မောက်ပင်းကို။ လက်တွင်းထားမြော်။ သရောက်က။ စသည်ကုန်အောင်။ ရွှတောင်ပလင်း။ ချဉ်းနင်းပျက်ဆန်း။ သုံ့ပန်းဘမ်းဆီး။ ပြန်းတီးရွာစွန်။ ပြင်းထန်ပူလော[၄]မောသောခိုးသူ။ တဖြင်မူလျက်။ တောင်ငူ

---

၁။ သူလောင်(ပေါရာဏ)လူဆိုးလူဖျက်။ မီးလောင်လေပင့်များကိုဆိုလိုသည်။
၂။ တိုင်ထိ(ပေါရာဏ)ဆင်းရဲဒုက္ခ။
၃။ တျင်းတျင်း(ပေါရာဏ)မကြွင်းမကျန်။ အကုန်အစင်။
၄။ မောသော(ပေါရာဏ)ခိုးသူ

mgyoe.com

mgyoe.com


ရှိရှား။ ယင်းတော်စားတို့။ သုံးပါးစုရုံး။ သုံးလွန်းထုံးသို့။ စည်းရုံးပေါင်းသော်။ ပင့်နှိုးဆော်က။ ဘိုးတော်ပြည်မင်း။ အရင်းတည်ပြီး။ လုပ်ကြီးကြံမ။ အရထဲသံ။ ပုဂံချူရွယ်။ ပုခန်းငယ်က။ တသွယ်စဥ့်ကူ။ မြို့လုံးယူမှ။ ပြောထုကြည်းရေ။ တခဲထွေလျှင်။ စလေပတ်ကုံး။ ရံပိတ်ဖုံးသည်။ ။ ချုံးချုံးမိုဃ်းနှယ်လာဘိတည်း။

၇။ ။ဇမ္ဗူတလွှား။ လူချင်းထားဘိ။ မြင့်ဖျားတိမ်ထွတ်။ ကောင်းကင်ထက်က။ မာရ်နတ်စစ်ချေ။ လာပစေဟု။ စလေသက်နှံ။ စောင့်မြဲမြဲသား။ မြို့ခံမြို့စား။ ကျွန်တော်များတို့။ ရဲအားလောက်စွာ။ မင်းတရာနှင့်။ ပဥ္စာလရာဇ်။ သူရဲစစ်တိ။ ဆဲ့ရှစ်ခေါ်ဘဏီ။ ရုံးညီပေါင်းညှိ။ စုဥ္ဆဏီလျှင်။ ရံဘိလတ်သော်။ ပညာကျော်သား။ မဟော်ကြံနက်။ ဘွားဘက်တစ်ထောင်။ ရဲသောယောင်သို့။ ရဲခေါင်တိုင်လှ။ ရဲကိစ္စဖြင့်။ မြို့ကပစ်ချောက်။ မီးပေါက်မည်။ လေးသံမစဲ။ ကျော်သဲညီညာ။ မျက်နှာပန်းသွင်။ လန်းလန်းရွှင်မျှ။ လွင်ပြင်ထွက်စုတ်။ သိန်းနှုတ်သုတ်လျက်။ ထိုးချက်တွေ့တိုင်း။ ပိုင်ရရိုင်းလျှင်။ [၁]ပည်းလှိုင်းသူကောင်း။ ဦးလည်ဆောင်၍။ ရန်အောင်မှို့ကောင်း။ မိကျောင်းကျွဲလှေ။ ရွှေငွေကစ။ စင်းလုံးရ၏။ ငါးလမြောက်စင်။ မြင့်ကြာတင်မှ။ တိုင်းခွင်ဝန်းလျား။ ပြည်စီးပွားကို။ ဘုရားရှုကြည့်။ ချမ်းသာဖြည့်ဟု။ မိုးရှည့်ချီးမြှောက်။ နားတော်လျှောက်က။ [၂]ရွှေမှောက်ရန်နင်း။ ရဲမာန်ပြင်းသည်။ တောင်မင်းမြင်းမိုရ်တရှိတည်း။

၈။ ။ထိုရော်ခဏ။ ရေးကျိုးမ၍။ ရင့်လှသမ္ဘာ။ စောမြတ်စွာကား။ ပွင့်လျာဘုန်းရှိ။ [၃]မင်းတေမိ၏။ ဇာတိပုံထား။ သိတရားဖြင့်။ သူ့အား

၁။ ပည်းလှိုင်း (ပေါရာဏ)အများအပြား။
၂။ ရွှေမှောက်(ပါရာဏ)မင်း။
၃။ အချို့သောပေမူတို့၌ စောတေမိဟူ၍ရှိသည်။ အဓိပ္ပာယ်မထူးခြား။

mgyoe.com

mgyoe.com


နိုင်ထက်။ သွေးတစက်မျှ။ မထွက်စေချင်။ ဝမ်းထဲးကြင်လည်း။ သို့ပင်လောင်ပူ။ ကျိုက်ကျိုက်ဆူသား။ ရန်သူချောက်ချား။ ပြည်တိုင်းကားကို။ မဘားမဖျဉ်။ နှလုံးယဉ်မူ။ အစဉ်တကွင်း။ နောင်လာမင်းတို့။ သီတင်းကျိုးမဲ့။ ကဲ့ရဲ့သဂြိုဟ်။ ပြစ်တင်ဆိုက။ မလိုမလွတ်။ မင်းကျင့်ဝတ်မှ။ မချွတ်ပေကောင်း။ ရဲးမက်ပေါင်းနှင့်။ မြကြောင်းကိုယ်ကြပ်။ ငါလျှင်ကွပ်၍။ ရှစ်ရပ်မျက်နှာ။ စီးပွားရှာချိမ့်။ တရားထီးဖြူ။ ဆောင်းဘက်မူသား။ ဇမ္ဗူမြင်းတိ။ အားလုံးဖိလည်း။ ဆံရှိခန့်ငြား။ မလေးစားဟု။ မင်းဖျားနတ်ရှင်။ ချီအံ့ရင်သည်။ ချိတ်ငင်မစွန်းမငြိတည်း။

၉။ ။မြေပြင်အားလုံး။ ကျွန်းပတ်ကုံးတွင်။ လက်ရုံးဆန့်ဘော်။ ရှာငြားသော်လည်း။ မမြော်ဘိနိုး။ [၁]သင်္ကာစိုးရှင့်။ ငါ့ဘိုးပြည်မင်း။ မျိုးနွယ်ရင်းကို။ ချစ်ခြင်းမပြတ်။ မေတ္တာညွတ်၏။ လတ်လွတ်သီးခြား။ မင်းတပါးလည်း။ ထွက်ငြားလှာမူ။ ရှင်ဘမ်းယူအံ့။ ဘယ်သူပူးဆိုင်။ ပြိုင်လတ်တံ့နည်း။ ထိုကာလည်းစိမ့်။ ထင်ရည်းဤသို့။ ထဲးသံမြို့ဖြင့်။ တွန့်တို့မရှိ။ သတ္တိခိုင်ကျန်း။ ဘုန်းတော်ရွှန်းသား။ ရွှေနန်းသခင်။ စောနတ်ရှင်ကား။ ယာဉ်လျင်လည်းစီး။ ရွှေထီးလည်းဖွင့်။ နေခပ်မြင့်ဝယ်။ ကျူးရင့်သံဝါ။ ခရာမှုတ်ကြိုး။ တံပိုးတံရှည်။ မြောက်စည်ကျော်ဟိန်း။ မုဒိန်းဒုံးမင်း။ ခရုသင်းနှင့်။ ဆင်မြင်းဝန်းရုံ။ တင့်စံမူးမတ်။ ညီညွတ်ရှုသာ။ လွှားကားကားတောင်း။ အဲးမောင်းလုံ့ရောင်။ ဝင်းဝင်းပြောင်ပြောင်မျှ။ ရွှေညောင်ရေသွန်း။ ကဆုန်မှန်းသား။ လဆန်းတရက်။ ဘောင်တော်သက်၍။ အောင်ချက်ရေးမှန်။ မြော်တင်းပြန်သည်။ ။မြင်ဟန်သိကြားမျက်စိတည်း။

၁၀။ ။ဘောင်တော်သက်လှာ။ ထိုရောခါဝယ်။ ကမ္ဘာပြုမိုဃ်း။

[၁]။ သင်္ကာ=သင်္ကာရ(ပါဠိ)ယုံမှားခြင်း။

mgyoe.com

mgyoe.com


ညှာထစ်ကြိုးသို့။ တန်းခိုးဘုန်းရေ။ ဖျန်းဆွတ်ပေက။ အကြေတလွှား။ ရန့်မီးပွားကို။ မင်းဖျင်းငြိမ်းသတ်။ စုန်မည်တတ်ဟု။ လွှမ့်ပတ်ကျော် ထွေ။ မွန်ကြားပေသော်။ ရှိသေလွန်းပြင်း။ ၁အုန်းပေါင်မင်းလည်း။ သားချင်းခွေဝါး။ ညီနှစ်ပါးနှင့်။ ရှေ့သွားယုံကျုံ။ ထော်မှိုင်းလုံက။ စသည်ရုံပေါင်း။ သူရဲကောင်းတိ။ လေးသောင်းမြတ်စင်။ ဆင်ကား ခြောက်ဆယ်။ ခိုင်းပယ်လောက်အောင်။ မြင်းသုံးထောင်နှင့်။ ၂လမ်း တောင်ငြိမ်မျှ။ ရောဝဝယ်။ ခြေချမအား။ မြစ်နားတလျှောက်။ မြစ်ကောက် ကစင်း။ မြစ်ငယ်တွင်းလည်း။ နေခင်းမလပ်။ တပ်လည်းမငြိမ်။ အိမ်လည်း သောင်းသောင်း။ ကျောင်းလည်းတိတ်တိတ်။ ရှမ်းချည်ပိတ်မျှ။ နိမိတ် ပြာဋ္ဌိဟာ။ ဤခြင်းရာကား။ သစ္စာပွင့်ခန့်။ ဗောဓိဉ္စန့်တို့။ ကြည်သန့်ပြည့် ညီ။ ပါရမီဖြင့်။ ပထဝီဇယ။ မန္တာန်ရသို့။ နှိုင်းကြထိုက်တန်။ ကမ္ပည်း ကန်သည်။ ရှေးလွန်မကြားကုန်မိတည်း။

၁၁။ ။အုန်းပေါင်တလှစ်။ အိမ်ခြေစစ်သို့။ ပစ်ပစ်ကုန်သွယ်။ မိုး ကြယ်ပမာ။ ရှေ့လာနောက်ဆင့်။ ရောက်နှင့်မစဲ။ နေထဲးမလောက် ရောက်လတ်ထုံထုံ။ ပေါပည်းဟုံဖြင့်။ အပုံအယင်။ ၃မွမ်းမွမ်းဖြင်ကို။ စီရင်တတ်မှု။ မင်းရတုဖြင့်။ ပြုစုကျွေးမွေး။ စားရေးသောက်ငန်း။ သိမ်းမြန်းလင့်ထွေ။ ဥပဒေကား။ ရေမြေလွှမ်းမိုး။ ဆက်နွှယ်ရိုးက။ မင်းမျိုးထင်ရှား။ မင်းသားစင်စစ်။ မင်းဖြစ်ပီပီ။ သဘောညီဟု။ သွေးသီ

၁။ ယခုအခါ 'အုန်းဘောင်'ဟု ရေးလေ့ရှိကြသည်။ 'သီဘောအုန်းပေါင် ရှမ်းတို့ဘောင်မှ'ဟု စပ်ဆိုသော ချေင်းဟောင်းမှ။ (ပ)နှင့်(ဘ) ခွဲထားကို သတိပြုပါ။

၂။ အချို့သောပေမူတို့၌ 'လမ်းဘောင်'ဟူ၍ရှိသည်။ သို့ရာတွင် ရှမ်းပြည်တောတန်း တောင်တန်းများကို ဖြတ်ကျော်လာရသည်ကို ဆိုလိုသည်။

၃။ မွမ်းဖြင် (ပေါရာဏ) အများအပြား။

mgyoe.com

mgyoe.com


ပမာ။ ကွယ်ရာမျက်မှောက်။ ဝမ်းမြောက်နေ့တိုင်း။ ထော်မှိုင်း ထော်ပန်။ ကောင်းချီးတွန်လျက်။ အလွန့်မြတ်နိုး။ ကောင်းကျိုးကော်ရော်။ မှူတော်ထမ်းချင်။ ရဲအင်တက်လှ။ ကြိမ်းဝါးကြ၏။ မြန်မာ့သနင်း။ မင်းတို့ပျော်မွေ့။ ဥမ်းလက်ပွေ့နှင့်။ တင့်မြေ့ဝတ်စား။ စကားပန်းသွင်။ ရွှေကုံးဆင်လျက်။ သဘင်စံမြဲ။ ကဆုန်ပွဲကို။ ကြိုက်ခဲထက်ရုံ။ ရှုစေထုံသော်။ တစုံမက်မက်။ စိုက်စက်ခေါ်ခေါ်။ တသြော်လဲလဲ။ တသဲသဲလျှင်။ အုံ့အဲးလေကြား။ ဤစကားလည်း။ စည်လျားတာရှည်။ ခုံကြီးတည်လျက်။ ရှမ်းပြည်တသွန်။ ကျော်လိမ့်မှန်သည်။ တံခွန်[၁]ရာဇသီရိ တည်း။

၁၂။ ။လက်ာကျမ်းနွယ်။ သွယ်သားနိဒါန်း။ ဤအခန်းကား။ ရွှေနန်းဘောင်တော်။ သက်လတ်သော်လျှင်။ မမြော်တောင်းအောင်။ ဘုန်းတော်ဆောင်၍။ အုန်းပေါင်ရှမ်းများ။ ရောက်သောအားကို။ ပိုင်းခြားတတန်။ ဘော်ပြဿန်သည်။ ။လက်မွန်အစ ပဌမတည်း။

## ဒုတိယခန်း

၁၃။ အုံ့ချီးရှုလော။ ယခုထဆန်း။ ပီတိလန်းစိမ့်။ ကျယ်ဝန်းသိကြား။ ဟူးရားတွက်နည်း။ [၂]ယုဒ္ဓဇည်းနှင့်။ တည်းလည်းတင်းလင်း။ တွေ့မြင်လျှင်း သို့။ မယွင်းမချွတ်။ ပုံသေမှတ်၍။ အမြတ်တနိုး။ ရှမ်းတို့ထိုးသား။ ကြက်ရိုးညီစွာ။ ထိုအခါတွင်။ လိုရာရှေ့ရှု။ ကြွတိမှုကား။ ရန်သူရှင်းတမ်း။ မလောက်စွမ်းတည့်။ ခံထမ်းပွဲမှောက်။ လျှောက်လတ်ကုန်သော။ ကဆုန်သာလှည့်။ လပြည့်ဆုတ်ထွက်။ နှစ်ရက်မြောက်ပြီး။ စန်းစီနက္ခတ်။ ပန္နရသ်ထက်။ တပါဒ်ဘက်မှ။ လက်ကားမေထုန်။ ဂဋ္ဌုန်ချီလွှား။

၁။ ရာဇသီရိ(ပါဠိ)ရာဇ=မင်း+သီရိ=ကြက်သရေ။ ။မင်းတို့၏ကြက်သရေ။
၂။ ယုဒ္ဓဇည်-ယုဒ္ဓဇယ-(ပါဠိ)ယုဒ္ဓ-စစ်ထိုးခြင်း-ဇယ-အောင်ခြင်း။ စစ်ထိုး၍ အောင်မြင်ခြင်း။

mgyoe.com

mgyoe.com

နဂါးပါလေ့။ စနေနေ့ဝယ်။ အရှေ့အနောက်။ တောင်မြောက်ခန်းဝါ။ လေးမျက်နှာဋ္ဌ။ ရတနာသုံးဦး။ ရိုညွှတ်နူး၍။ [၁]ရွှယ်လူးဘုန်းကျော်။ ကြံတိုင်းရော်သည်။ ဘောင်တော်ကနန်ခဲ့ ကြွားကြွားတည်း။

၁၄။ နရသနင်းမင်းတို့နေတည်။ ဝပြောစည်သား။ ရွှေပြည်သီရိ [၂]ဝေသာလိဋ္ဌ။ တောင်ရှိဟူလောက်။ ဘေးရန်ရောက်ဟု။ ချီမြောက်ဝပ်တွား။ ပန်ထွာကြား၍။ ဘုရားမြတ်စွာ။ ကြွမည်ခါဋ္ဌ။ ဂဂ်ါဗိမာန်။ နတ်ရှင်ဘန်သို့။ ရှေးလွန်ဘေးလောင်း။ မစီးတောင်းတည့်။ မင်းကောင်း နေမျိုး။ ဘုန်းတော်ကျိုးဖြင့်။ ရွှေရိုးရွှေတိုင်။ ရွှေတိနိုင်သား။ ရိပ်မြိုင်သာခေါင်။ နတ်လေ့ဘောင်ကို။ [၃]ရွှေတောင်တမွတ်။ လူများထွတ်အား။ အမှတ်တရ။ ညို၍ပြသို့။ ငြိမ့်မျှသာကြည်။ တီးမှုတ်မြည်သား။ ရွှေစည်သာညင်း။ ရွှေစောင်းညှင်းနှင့်။ ခြောက်ဝင်းလေ့လျှင်။ ရွှေလောင်းငင်သော်။ မြစ်ခွင်လျှံသန်း။ ရွှေရောင်ထွန်းသည်။ ။ထက်ဝန်းထင်ထင် ရှား ရှားတည်း။

၁၅။ ။ ပြဗ္ဗဝိဒေ။ မွန်းတည့်နေလျှင်။ သပြေဇမ္ဗူ ထွက်လာပြူ သော်။ လူလူညောင်ရွက်။ မိုဃ်းလျှပ်ပြက်သို့။ ထွန်ရွက်ညီးညီး။ ဘွဲ့ဆီး တိုင်ဝုတ်။ တမုတ်သဏ္ဍာ။ စွယ်မြွာဖြူးဖြူး။ လေ့ဦးရှင်ရှင်။ ကတ်ပြင်သွန်း သွန်း။ စုလစ်နန်းနှင့်။ [၄]ကြငှန်းစီးတန်။ ပြည်ကြီးမွန်လည်း။ ဗိမာန်ကြ ပတော့။ ဘောင်တော်ရှေ့ဝယ်။ ပျော်မွေ့ဘွယ်ချည်း။ ငြိမ့်ငြိမ့်ကြည်းမျှ။

---

၁။ ရွှယ်လူး (ပေါရာဏ)ပျိုမြစ်နုနယ်သောအရွယ်။

၂။ 'ဝေသာလီ'ကို ဝေသာလိ'ဟုရေးသည်မှာ။ (ရိ) (ရှိ)ဟူသော ရှေ့နောက် ကာရန်များကို ငဲ့လို၍ဖြစ်သည်။

၃။ ရွှေတောင်(ပေါရာဏ)နန်း။ ။အချို့သောနေရာတွင် တိုင်းပြည်ကိုလည်း ဟော သည်။

၄။ ကြငှန်း(ပေါရာဏ)မင်းဆောင်ထီး။ ။ဤနေရာမှာမူကား မင်းကို ဆိုလို သည်။

mgyoe.com

mgyoe.com


နရည်းစရာ။ ခြိမ့်ခြိမ့်သာလျက်။ သံဝါစည်ကြီး။ လိုက်ဘက်တီး၍။ ဝှဲးချီးတုန်လှုပ်။ [၁]ပဇ္ဇုန်ရုပ်သို့။ ဦးထုပ်ကားရွှေ။ ငွေကားလက်ကြပ်။ နီလုပ်ဝတ်စား။ ပေးရင်းသားတို့။ ရွှေပြားရိုးရဲး။ ခြုံဆွဲးတတ်လှ။ ချလည်းတညီ။ ချီလည်းတညွတ်။ သတ်လည်းညီအောင် ဟန်ရေးဆောင်သည်။ ။အန်ထောင်ကြိုးကြိုးစားစားတည်း။

၁၆။ ။[၂]မြင့်ဖြူးယူဇနာ။ ခုနစ်ရာဟု။ ကျမ်းလာပြည့်ဝန်။ ဝေဇယန်လည်း။ မလွန်လှည့်ယောင်။ မြစ်လုံးပြောင်မျှ။ နန်းဆောင်ပြာသဒ်။ ကွမ်းဘူးထွတ်နှင့်။ စွယ်ညွတ်စွယ်စုံ။ ထွန်းရောင်ဟုံဖြင့်။ သုံးဘုံရပ်သား။ လူသုံးပါးကို။ လက်ဝါးပေးတု။ သုံးထွေပြုလျက်။ သုံးလူ့ပူဇော်။ လှေကျော်လွှမ့်ထင်၊ အောင်မြင်တန်ခိုး မြတ်ရိုးမင်းစဉ်၊ လှေယာဉ်ရတနာ။ ရှေ့မကွာတည့်။ ရွှေဒွါရွှေလောင်း။ မိကျောင်းမြင်းဆင်။ ရုပ်သွင်ပီသ၊ ရဲးလှေစသည်။ တောက်ပဝင်းဝင်း။ လှေခပင်းတွင်။ လျင်ပြင်းကြွကြွ။ သွားဘိထသို့။ ရေးကမဖြစ်။ လုပ်သစ်မြဲခိုင်။ နှိုင်းပြိုင်မဟော့။ ရွှေခြသေ့လည်း။ ခုန်ဆွေ့အန်မြောက်။ ယောက်ဘိဘနန်း။ ဖြူသွန်းစွယ်သွား။ ဦးနားချီထောင်။ ဟန်ဆောင်မြူးမြူး၊ လှေဦးလက် ထား။ ပဲ့ဖျားမြီးရွက်။ နှစ်ဘက်ခြေကန်။ ကြံသင့်ဘန်၍။ ဟေဝန်တောမှာ။ ကေသရာကို။ သလှာနတ်များ။ ဘုန်းတော်အားဖြင့်။ လာငြားမသိ။ တွေးဘွယ်ရှိသည်။ မျက်စိယုံယုံမှားမှားတည်း။

၁၇။ ။ဆယ်ရုပ်ပွင့်လင်း။ စကြာမင်းတို့။ လေးစင်းသမုဒြာ။

---

၁။ ပဇ္ဇုန်-ပဇ္ဇုန္န(ပါဠိ)ပဇာ-သတ္တဝါ+အန္န-ထမင်း။ ။သတ္တဝါတို့အား ထမင်းကို ပေးတတ်သော မိုးနတ်သားဆိုလိုသည်။

၂။ ၄င်းပုဒ်ကား။ မင်းစီးဘောင်တော်။ လှေတော်များကိုဆိုသည်။ ၄င်းတို့၏ အနက်အဓိပ္ပာယ်အကျယ်ကို။ ကျွန်ုပ်တို့ ရေးသားရိုက်နှိပ်ဆဲဖြစ်သော ‘ပုံတောင်နိုင် မော်ကွန်းဋီကာ’မှာ ကြည့်ပါ။

mgyoe.com

mgyoe.com


ပျော်မြူးခါဝယ်။ များစွာပရိသတ်။ လိုက်ကုန်လတ်သို့။ မှုူးမတ်ရံသောင်း။ လေ့စဉ်မြောင်းနှင့်။ မင်းကောင်းနတ်ရှင်။ စုန်လတ်ကျင်သော်။ အောင်မြင်ဆုယူ။ ရွှေပြည်သူတို့။ ရွှေရှုဆိုင်းဆိုင်း။ ပြိုင်းရရိုင်းလျှင်။ ပြည့်လှိုင်းသိပ်နှက်။ မြစ်တဘက်က။ နှစ်သက်ဝမ်းသာ။ ကောင်းချီညာလျက်။ နတ်ရွာမှန်ကူ။ သိကြားဟူသည်။ သည့်တူလည်းကောင်း။ ရေကြောင်းစည်းစိမ်။ နန်းဘောင်အိမ်ထက်။ တကြိမ်တရံ။ မစံစဘူး။ လွန်ဆန်းထူးဟု။ ကျေးဇူးမိုးမြင့်။ စောဘုန်းရှင့်ကို။ မျှော်လင့်တွေဝေ။ အံ့မူးထွေဖြင့်။ မိုလ်ခြေစေ့စေ့။ တိုးဝှေ့မအား။ ကမ်းနားညွတ်မျှ။ ကြည့်ကုန်ကြသည်။ ရှင်ပျော်ပျော်ပါးပါးတည်း။

၁၈။ ။လူတို့သခင်။ နက်စံတင်သား။ နတ်ရှင်မင်းကျော်။ တွင်မည်တော်ဖြင့်။ ရှေးသော်ထပ်တူ။ ကျွန်းဇမ္ဗူဝယ်။ [၁]စည်သူနရပတိ။ သီရိစံပယ်။ တန်းခိုးကြွယ်ကို။ ပင်လယ်စုန်ကြိုက်။ မြင်ပါလိုက်မူ။ တိုက်ရိုက်ယခု။ ပြုဘိ[၂]ခလို။ ပုံသေဆို၍။ ပြောဟိုစီလျှဉ်။ ရှုကုန်စဉ်တွင်။ ရေယဉ်သည်းလှိုင်း။ ကျောက်တောင်ခိုင်းသား။ စကိုင်းထက်ဖျား။ တောင်လက်နားတွင်။ တရား[၃]သတိုး။ ဘေးတော်ဘိုးလျှင်။ [၄]အဲးခိုး [၅]သံပ။ အဝရွှေပြည်။ စူးစူးရည်လျက်။ အောင်စည်တပ်တာ။ အောင်မြေချာဟု။ ကြေညာလွှမ့်

---

၁။ စည်သူနရပတိ-နရပတိစည်သူ=နရပတိဇေယသူရ(ပါဠိ)နရ=လူ+ပတိ=အရှင်+ဇေယ=အောင်ခြင်း+သူရ=ရဲရင့်ခြင်း။ ။လူတို့၏အရှင် ရန်အောင်မြင်သည့်။ ရဲရင့်သောမင်းဆိုလိုသည်။

၂။ ခလို(ပေါရာဏ)တောင့်တခြင်း။

၃။ သတိုး=သဒ္ဒိုရုံး=သတ်ဝိုရုံး=သတ္တိဒ္ဓိရ(ပါဠိ)ရဲစွမ်းတန်ခိုးဖြင့် ဆောင်နိုင်သောမင်း။

၄။ အဲခိုး=(ပေါရာဏ)တိတ်တိတ်ခိုးကြဲစည်ခြင်း။

၅။ သံပ=(ပေါရာဏ)ပလွှားကြဲးဝါးသည်။

mgyoe.com

mgyoe.com


ထင်။ ရန်အောင်မြင်၌။ ဆောလျှင်အောင်ကြောင်း။ ဆိုက်တော်ရှောင်း သည်။ မှူိုကောင်းခေါင်ခေါင် ဖျားဖျားတည်း။

၁၉။ ။ဘောင်တော်ဆိုက်ပြီး။ မဂ်ဖိုလ်မှီး၍။ ဘုန်းကြီးမြူတေ။ စောနတ်ဆွေကား။ အောင်မြေ[၁]သန်လျှက်။ မင်းဝံချက်ဝယ်။ စဉ့်ဆက် ကာလ။ ထာဝရဖြင့်။ တေဇထွန်းပေါ်။ ကောင်းမှုတော်၌။ ပူဇော်ရှိပန်း ကြာရံသွန်းသို့။ အဝန်းအလျား။ မျိုးလေးပါးကို။ စီးပွားချမ်းသာ။ ဆောင် စိမ့်ငှာလျှင်။ ကျွန်းချာစိုးမှူး။ နန်းတက်ဦးက။ စူးစူးအားသွန်။ ကြံတိုင်း မှန်မူ။ ချမ်းသွန်သီတာ။ ရေမျက်နှာတွင်။ မီးဝါလျှံတောက်။ ချက်ချင်း ပျောက်သို့။ ရန်ထောင်ခပ်သိမ်း။ ငြိမ်းစေသောဟု။ သဘောစိတ်ဖြူ။ မိဋ္ဌာန်မူသည်။ ။ ဆုယူမှတ်မှတ်သားသားတည်း။

၂၀။ ။မင်းဝံချက်မ။ စသည်တောင်ရပ်။ ရှာစပ်ခိုမှီ။ [၂]ဝါသီနှစ်ပါး။ သင်္ဃာအားလည်း။ တရားတိဟိတ်။ ကုသိုလ်စိတ်ဖြင့်။ ပင့်ဘိတ်ကော် ရော်။ ညွတ်ပူဇော်မှ။ စုန်တော်မူပြီး။ ဝေးမနီးဝယ်။ [၃]ရှေးထီးဓမ္မရာဇ်။ ဘေးတော်ချစ်လျှင်။ ပြည်စစ်တက်ခါ။ စံတော်ရာဟု။ ချောင်းသာယဉ် ထောက်။ လုံးတော်ပေါက်၌။ ဆိုက်ရောက်ကြာတင်။ မမြင့်ခင်တည့်။ နတ်ရှင်ဘုန်းကို။ သိစိမ့်ဆိုသို့။ ယိမ်းပြိုတိမ်းစောင်း။ အိမ်ရာကျောင်း နှင့် [၄]ခနောင်း၊ ကြလှဲး၊ ရေထဲးဆူမှုန်။ တံပိုးခုန်သို့။ အဟုန်ထန်သည်း။

---

၁။ အချို့သူတို့ 'သန်လျက်' 'သံလျက်'ဟုရေးကြ၏။ တောင်ဘီလာဆရာတော် ရေးထိုးသည့် ကောင်းမှုတော်ကြီး ကျောက်စာ၌။ ဉာဏသန်လျှက်။ သဒ္ဓါ လက်ဖြင့်။ ဖွဲ့လျက်ခုတ်ဖြတ်ဟူသော စပ်ထုံးကို။ နှလုံးမူကြရာ၏။

၂။ ဂါမဝါသီတည်းဟူသော။ ရွာကျောင်းတောကျောင်းသင်္ဃာများကို ဆိုလို သည်။

၃။ အချို့သောမူတို့၌ 'ရှေးတီး'ဟူ၍ အတိတ်ပောနှင့်ရှိသည်။ ။၄င်းအကြောင်း ကို 'ပုံတောင်နိုင်ဋီကာ'၌ ကြည့်ရာပါ။

၄။ ခနောင်း-ကြလှဲး (ပေါရာဏ)ရေဝဲဆိုလိုသည်။

mgyoe.com